# Chin National Front
# General Headquarters
# Chinland

www.chinland.org


## ချင်းခရစ်ယာန်သာသနာပြု ရာပြည့်ပွဲတော်နှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ သဘောထားနှင့် တဖက်သတ် အပစ်အခတ် ရပ်စဲကြောင်း ထုတ်ပြန်ချက်။

ချင်းလဲန်တွင် ၁၈၉၉ ခုနှစ်၊ မတ်လ(၁၅)ရက်နေ့မှစ၍ ခရစ်ယာန်သာသနာထွန်းကားလာခဲ့ရာ ၁၉၉၉–ခုနှစ်၊ မတ်လ (၁၅)ရက်နေ့၌ ချင်းခရစ်ယာန်သာသနာပြု ရာပြည့်အခါသမယ ကျရောက်လာမည် ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာ ကို အလေးအနက်ထားယုံကြည်နေကြသော ချင်းအမျိုးသားတို့ အနေဖြင့်ဤခရစ်ယာန်သာသနာပြု ရာပြည့်ပွဲတော် ကို အထွဋ်အမြတ်ပွဲတော်တခုအဖြစ် သဘောထားကြသည်။ သို့ဖြစ်၍ ခရစ်ယာန်သာသနာပြု ရာပြည့်ပွဲတော်အခမ်း အနားကို ချင်းလဲန်နှင့် ခရစ်ယာန်ချင်းအမျိုး သားများပြန့်နှံ့အခြေစိုက်ရာဒေသများတွင်၎င်း၊ နိုင်ငံတကာ၌ ရောက်ရှိ နေကြသော ချင်းအမျိုးသားများက ရောက်ရှိရာနိုင်ငံနှင့်ဒေသများတွင်၎င်း၊ ဝိညာဉ်ခွန်အားအတွက် အားသစ်လောင်းရန် ရည်စူးပြီး ဤပွဲတော် အခမ်းအနားကို ကျင်းပရန် ပြင်ဆင်နေကြသည်။ ဤပွဲတော်ကို ခရစ်တော်၏သတင်းကောင်း ဖြန့်ချီဝေငှရန်သိက္ခာတော်ရဆရာတော်အာသာအီးကာရ်ဆန်(Rev.ArthurE.Carson)တို့ ဇနီးမောင်နှံ ရောက်ရှိ အခြေစိုက်သောဟားခါးမြို့၌ ဗဟိုပြု၍အထူးစီစဉ်ကျင်းပရန် ပြင်ဆင်ထားကြောင်း သိရှိရပါသည်။

သို့သော်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(နအဖ)စစ်အစိုးရသည် ချင်းခရစ်ယာန်သာသနာပြု ရာပြည့်ပွဲတော်အတွက် နှစ်ရှည်လများ ပြင်ဆင်လာခဲ့သမျှကို စစ်အာဏာဖြင့်ကျင်းပခွင့်မပြုသည့်အပြင် အောက်မေ့ ဘွယ် အဆောက်အဦးဆောက်လုပ်ခြင်း၊ လက်ဝါးကပ်တိုင်စိုက်ထူခြင်းနှင့် အခြားဘာသာရေးဆိုင်ရာ လုပ်ငန်းဆောင် တာများကို ဟန့်တားပိတ်ပင်မှုအမျိုးမျိုးပြုလုပ်နေကြကာ ခရစ်ယာန်သိက္ခာတော်ရ ဆရာတော်များကိုပါ ဖမ်းဆီးထိန်း သိမ်းထားကြောင်း သိရှိရပါသည်။ ဤလုပ်ရပ်သည် နိုင်ငံတော်အတွင်း နှစ်ပေါင်းများစွာ တရားဝင်ရပ်တည်လာခဲ့ သော ဘာသာရေးအဖွဲ့အစည်းများအပေါ် အင်အားသုံးဝင်ရောက်အကြမ်းဖက်နေခြင်းဖြစ်၍ ချင်းအမျိုးသားတပ်ဦးအ နေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်သည်။

နိုင်ငံသားများကယုံကြည်ကိုးကွယ်သော ဘာသာရေးအယူအဆအသီးသီးတို့၏ လွတ်လပ်စွာခံယူပိုင်ခွင့်နှင့် ကိုးကွယ် ပိုင်ခွင့်တို့ကို နအဖအနေနှင့် နိုင်ငံရေးလှုပ်ရှားမှုတရပ်အဖြစ် ရှုမြင်သုံးသပ်ခြင်းမပြုသင့်ပေ။ ထို့ကြောင့် အမျိုသားလှုပ်ရှားမှုကို အကြောင်းပြု၍ ဘာသာရေးလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို ပိတ်ပင်တားမြစ်ခြင်း မပြု လုပ်ရန်နှင့် နိုင်ငံရေးနှင့်ဘာသာရေး သီးသန့်ခွဲခြားထားရန် အလေးအနက် တိုက်တွန်းလိုက်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူမျိုးစုများ၏ ရိုးရာဓလေ့ထုံ တမ်းစဉ် လာများကို လွတ်လပ်စွာထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်နှင် ဘာသာရေးဆိုင်ရာလွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုများသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများဖြစ်၍ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းနှင့်အစိုးရကမျှ ဝင်ရောက် စွက်ဖက်ခြင်းမပြုလုပ်သင့်ဟု မိမိတို့သဘောထားပါသည်။ ဘာသာရေးလွတ်လပ်ခွင့်ပေးသည့်အနေဖြင့် ချင်းခရစ်ယာန် သာသနာပြုရာပြည့်ပွဲတော်အား နအဖအနေဖြင့် မည်သည့်အနှောင့်အယှက် ဟန့်တားမှုကိုမျှ မပြုလုပ်ပါရန် ချင်းအမျိုးသားတပ်ဦးအနေဖြင့် တောင်းဆိုလိုက်သည်။

သို့ဖြစ်ပါ၍ ချင်းအမျိုးသားတပ်ဦးအနေဖြင့် နအဖက ချင်းအမျိုးသားတပ်ဦး၏ ဒီမိုကရေစီရေးတိုက်ပွဲဝင် လှုပ်ရှား ဆောင်ရွက်မှုအပေါ် လုံခြုံရေးကို အကြောင်းပြု၍ ချင်းခရစ်ယာန်သာသနာပြု ရာပြည့်ပွဲတော်ကို စွက်ဖက်ပိတ် ပင်ဟန့်တားခြင်းမပြုနိုင်ရန်နှင့် ချင်းအမျိုးသားပြည်သူများအပြင် ကမ္ဘာအနှံ့မှ ယုံကြည်သူအပေါင်းတို့ လာရောက် ပါဝင်ဝတ်ပြုကိုးကွယ်နိုင်ရေးအလို့ငှာ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့မှစ၍ ၁၉၉၉ ခုနှစ်။ ဧပြီ (၁၅)ရက်နေ့ အထိ ကြားကာလအတွင်း တစ်ဖက်သတ် အပစ်အခတ်ရပ်စဲထားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့။ ဗဟိုကော်မီတီ

Chin National Front – General Headquarters, Chinland